# ANDROID TIPS

## Android phone ပေါ်ကို YouTube video file များ download လုပ်ခြင်း

YouTube ပေါ်မှာ ကိုယ်အကြိုက်ဆုံး video တွေကိုတွေ့နေပေမယ့် download လုပ်ဖို့ ရွေးချယ်စရာမရှိလို့ ကြည့်လို့မရဖြစ်နေပါသလား။ ဒါဆိုရင် စိတ်ညစ်မနေပါနဲ့။ YouTube video တွေကို Android phone ထဲ ဘယ်လို download လုပ်ရမယ်ဆိုတာကို ပြောပြပေးပါမယ်။ ဒါပေမဲ့ TubeMate app တော့ လိုအပ်ပါလိမ့်မယ်။ ကိုယ့် Android phone ပေါ်မှာ TubeMate app ကို install လုပ်ဖို့ဆိုရင် phone ထဲက menu ထဲက settings icon ကို tap လုပ်ပါ။ ပြီးရင် applications option ကို ရွေးပါ။ အဲဒီအထဲမှာ unknown sources ဆိုတာ ကိုရွေးချယ်လိုက်ပါ။ ပြီးရင် TubeMate APK file ကိုဖွင့်လိုက်ပြီး install လုပ်ပါ။

အခုတော့ YouTube video တွေကို ကိုယ့်ရဲ့ Android phone ထဲကို download လုပ်ပါမယ်။ Phone ရဲ့ menu ထဲကနေတစ်ဆင့် TubeMate app ကို ဖွင့်လိုက်ပါ။ ကိုယ် download လုပ်ချင်တဲ့ video တွေကိုရှာဖို့ အတွက် search icon ကိုသုံးပါ။ ရလာတဲ့ search result တွေထဲက ကိုယ်လိုချင်တာကို tap လုပ်လိုက်ပါ။ ပြီးရင် Green Down Arrow icon ကို tap လုပ်ပါ။

ရွေးချယ်စရာ option ၂ ခုပေးထားတဲ့ prompt တစ်ခု တက်လာပါလိမ့်မယ်။ အဲဒီထဲက download option ကို ရွေးချယ်လိုက်ပါ။ ကိုယ်ရွေးလိုက်တဲ့ vdieo အတွက်ရနိုင်တဲ့ resolution တွေကို ဖော်ပြပေးထားပါလိမ့်မယ်။ အဲဒီထဲက ကြိုက်နှစ်သက်ရာတစ်ခုခုကိုရွေးပြီးတော့ download




လုပ်လို့ရနိုင်ပါပြီ။ Video download လုပ်နေတဲ့အခြေအနေကို notification bar က တစ်ဆင့် သိနိုင်ပါတယ်။ တကယ်လို့ ကိုယ်က Wi-Fi network ကို အသုံးပြုနေတာဆိုရင်တော့ သိပ်မကြာခင်မှာပဲ download ပြီးသွားပါလိမ့်မယ်။

## Android phone ပေါ်မှာ DSLR-style နောက်ခံဝါးထားတဲ့ ဓာတ်ပုံရနိုင်ဖို့

DSLR တွေနဲ့ ရိုက်ထားတဲ့ နောက်ခံကိုဝါးဝါးလုပ်ထားပြီး ရှေ့က ကိုယ် focus ယူထားတဲ့ပုံကို ပိုပြီးထင်ရှားကြည့်ကောင်းစေတဲ့ပုံကို Android phone မှာလည်း ရအောင်လုပ်ယူလို့ရနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်ဖို့တော့ app လိုအပ်မှာဖြစ်ပါတယ်။

အခုဖော်ပြပေးမယ့် Android app က ဓာတ်ပုံ တစ်ပုံ ရိုက်ယူ၊ ဒါမှမဟုတ် gallery ထဲကနေ ဓာတ်ပုံတစ်ပုံယူပြီးတော့ focus နဲ့ background area ကို သတ်မှတ်စေနိုင်ပါတယ်။ ပြီးရင် background ကို blur လုပ်မယ့်ပမာဏ၊ aperture နဲ့ filter ၂ မျိုးကိုလည်း ရွေးချယ်လို့ရပါတယ်။




### Step 1

AfterFocus app ကို ကိုယ့်ရဲ့ Android phone ပေါ်ကို copy လုပ်ပြီး ထည့်ပါ။

### Step 2

App ကို ဖွင့်ပြီး ဓာတ်ပုံတစ်ပုံရိုက်ယူလိုက်ပါ၊ ဒါမှမဟုတ် gallery ထဲက ပုံတစ်ပုံကို ယူလိုက်ပါ။

### Step 3

Focus tool ကိုသုံးပြီးတော့ ဓာတ်ပုံထဲက ကိုယ် focus လုပ်ချင်တဲ့အပိုင်းကို ဆွဲလိုက်ပါ။ Close-up နဲ့ အမှားအယွင်း တစ်ခုခုလုပ်မိတာတွေအတွက် zoom နဲ့ erase tool တွေကို အသုံးပြုလို့ရပါတယ်။

### Step 4

Mild tool ကို နှိပ်ပြီး ကိုယ် background အဖြစ် blur လုပ်ချင်တဲ့အရာတွေမှာ သုံးပါ။

### Step 5

BG tool ကိုသုံးပြီး select လုပ်၊ ရေးဆွဲကာ background ထဲကို blur လုပ်ရမလဲရွေးပေးရပါမယ်။ လုပ်ပြီးသွားရင် အပြာရောင် မြားလေးကိုနှိပ်ပြီး finish လုပ်လိုက်ပါ။

### Step 6

Blur နဲ့ aperture ကို ချိန်ပြီး ပိုပြီးတော့ ပုံကို ပိုပြီးတော့ သဘာဝကျအောင် ပြုလုပ်ပေးပါ။ Blur လုပ်တာနဲ့အညီ အဆင့် ၂၊ ၃၊ ၄ တို့မှာ



Natural DSLR-style photo with smart focus & blur effect.



Simply touch the desire area and it will focus the area.

အမှားလုပ်ခဲ့တာတွေကို တွေ့လာရပါလိမ့်မယ်။ တကယ်လို့ အမှားအယွင်းတွေ့ရင် back arrow နဲ့ နောက်ပြန်ဆုတ်ပြီး ပြင်လို့ရပါတယ်။

### Step 7

ပုံကို filter ချိန်ပါ။ Filter နှစ်မျိုးရှိပြီး Color Mask ၊ Vignetting ဖြစ်ပါတယ်။ Filter 1 က ဓာတ်ပုံတစ်ခုလုံးကို color effect ထည့်တာဖြစ်ပြီး filter 2 ကတော့ ပုံစံတွေနဲ့ တခြား effect တွေအတွက် ဖြစ်ပါတယ်။

အားလုံး လုပ်ပြီးသွားရင်တော့ share လုပ်တာပဲဖြစ်ဖြစ် နောက်မှသုံးဖို့ သိမ်းထားတာပဲဖြစ်ဖြစ် ကိုယ်ကြိုက်သလိုလုပ်နိုင်ပါပြီ။

## Android phone ပေါ်က file များကို hide လုပ်ထားခြင်း

ကိုယ့် phone ပေါ်က file တွေကို ဖျောက်ထားချင်ရတဲ့အကြောင်းရင်း အများကြီးရှိနေနိုင်ပါတယ်။ ကိုယ့်ရဲ့သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်




တွေက ကိုယ့် phone ကို မကြာခဏယူကိုင်ကြည့်တတ်တာကြောင့် ကိုယ်ရေးကိုယ်တာတွေကို မတွေ့စေချင်လို့လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း စိတ်မပူပါနဲ့။ Android phone ပေါ်က file တွေကို ဖျောက်ထားပေးနိုင်မယ့် app ရှိပါတယ်။

### 1 လိုအပ်တဲ့ app ကို download လုပ်ခြင်း

File Hide Expert app ကို Google play ကနေ download လုပ်ပြီး install လုပ်ပါ။

### 2 Phone ပေါ်က file တွေကို hide လုပ်ခြင်း

ကိုယ့် phone ရဲ့ menu ကနေပြီးတော့ app ကို ဖွင့်လိုက်ပါ။ App ရဲ့ main interface ထဲက အပေါ်ညာဘက်ထောင့်က Folder icon ကို tap လုပ်ပြီး ကိုယ် ဖျောက်ထားချင်တဲ့၊ hide လုပ်ထားချင်တဲ့ file တွေကို ရွေးချယ်ပါ။ ကိုယ်ရွေးထားတဲ့ file တွေအားလုံးကို screen ပေါ်မှာပြပေးထားတာကို တွေ့ရပါလိမ့်မယ်။ Hide All ခလုတ်ကိုနှိပ်ပြီးတော့ ဖျောက်လိုက်နိုင်ပါတယ်။

အခု ကိုယ် hide လုပ်ထားတဲ့ file တွေအားလုံးက unhide ပြန်မလုပ်မချင်း file manager ထဲမှာ လုံးဝတွေ့ရမှာမဟုတ်ပါဘူး။

## Emoticon(Emoji) များကို iPhone နဲ့ Android မှာ ဘယ်လို send ၊ receive လုပ်မလဲ

iPhone ကိုင်တဲ့ သူငယ်ချင်းတွေက သူတို့ အချင်းချင်း အပြုံးမျက်နှာတို့၊ အသည်းပုံလေးတွေ၊ တခြားပုံလေးတွေကို ပို့ပြီး ပျော်နေတဲ့အချိန်မှာ ကိုယ်က Android phone ကိုင်ထားတာမို့ ဘယ်လိုမှ ဝင်ပါလို့မရ ဖြစ်နေသူတွေအတွက် ဖြေရှင်းနည်းကို ပြောပြပေးချင်ပါတယ်။







### ❶ Messaging app အသစ်ကို download လုပ်ပြီး install လုပ်ပါ

Google Play မှာ Go SMS Pro app ကို ရှာပါ။ ဒီ app က အခမဲ့ရ နိုင်ပါတယ်။ အဲဒီ app ကို click လုပ်ပြီး install လုပ်လိုက်ပါ။

### ❷ Emoji Plugin install လုပ်ပါ

ထပ်ပြီးတော့ Google Play မှာပဲ အခမဲ့ရနိုင်တဲ့ Go SMS Emoji Plugin ကို ရှာပြီး click လုပ်ကာ install လုပ်ပါ။

### ❸ Messaging app ကို setup လုပ်ပါ

Messaging app ကို ပုံမှန်အလုပ်လုပ်ပေးနိုင်အောင်လုပ်ပါ။ အရင်တုန်းက ကိုယ်သုံးနေတဲ့ Messaging app ကိုဖွင့်ပါ။ ကိုယ့်ရဲ့ text conversation တွေကို ဖော်ပြပေးထားတဲ့ screen ကို ရောက်ရင် Menu ထဲက setting ကိုနှိပ်ပါ။ ပြီးရင် ပေါ်လာတဲ့ page ကို အောက်ဆုံးအထိ scroll လုပ်ဆင်းသွားပြီး notification setting ကို OFF လုပ်ထားလိုက်ပါ။ ဒါမှ ကိုယ့်ဆီကို text message တစ်ခုဝင်လာတိုင်း app ၂ ခုဆီက သတိပေးချက် ၂ ခုစီကို ရနေမှာမဟုတ်တော့မှာ ဖြစ်ပါတယ်။

ပြီးရင်တော့ homescreen ပေါ်က အရင်က messaging app အဟောင်းအတွက် ကိုယ်သုံးနေတဲ့ shortcut ကို ဖျက်လိုက်ပါ။ ပြီးရင် Go SMS Pro app ရဲ့ shortcut နဲ့ အစားထိုးလိုက်ပါ။

### ❹ Emoji ကိုအသုံးပြုခြင်း

Emoji ကို ဘယ်အချိန်ပဲ သုံးချင်သုံးချင် Go SMS app ကိုဖွင့်ပြီး တစ်ယောက်ယောက်နဲ့ စကားပြောဖို့ conversation တစ်ခုကိုဖွင့်လိုက်ပါ။




Keyboard ပေါ်လာခဲ့လို့ရှိရင် back ပြန်လုပ်လိုက်ပါ။ ပြီးရင် ဘယ်ဘက်က ဒုတိယ icon ကိုနှိပ်ပြီး emoticon တွေကို ရွေးပြီး iPhone သုံးတဲ့ သူငယ်ချင်းတွေကို emoji တွေ ပို့လို့ရနိုင်ပါတယ်။

သူ့မှာ တခြား Android user တွေဆီကို ပို့တဲ့ icon လည်း ပါဝင်ပါတယ်။ Icon မှားသုံးမိရင်တော့ blank message တွေပဲ ရောက်သွားမှာ ဖြစ်ပါတယ်။ ■